ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

မြန်မာနိုင်ငံရှိ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ သဘောထားရပ်တည်ချက်

၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၉) ရက်

တာဝန်သိတတ်ပြီး ကျင့်ဝတ်ညီညွတ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရန် အရေးတကြီး တောင်းဆိုခြင်း

မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများကို ကူညီပံ့ပိုးပေးနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မဆိုင်းမတွ တိုးမြှင့်ပေးအပ်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)က တောင်းဆိုပါသည်။ စစ်အာဏာသိမ်းမှု အပါအဝင်၊ စစ်အာဏာရှင်များ ဆက်လက်ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်မှုများကြောင့် မြန်မာနိုင်ငံသားများသည် ရှုပ်ထွေး သော နိုင်ငံရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီများ အရေးပေါ်လိုအပ်လျက် ရှိပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး မူဝါဒသည် ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပါသည်။ အာဏာသိမ်းစစ်တပ်၏ ဆိုးရွားသည့် တရားမဲ့ပြုကျင့်မှုကြောင့်ပင် ပြည်သူများအတွက် အဆိုပါ လိုအပ်ချက်များ အရေးတကြီး ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ ကလေးသူငယ်များ အပါအဝင် လူပေါင်း (၉၀၀)ကျော်ကို စစ်တပ်က အကြမ်းဖက် သတ်ဖြတ်ခဲ့သည်။ လူထောင်ပေါင်းများစွာကိုလည်း တရားမဲ့ ဖမ်းဆီးထိန်းသိမ်းထားပြီး၊ လူအများအပြားမှာ ညှင်းပန်းနှိပ်စက်ခြင်းကို ခံစားနေရပါသည်။ စစ်အာဏာသိမ်းမှုကြောင့် ဘဏ်လုပ်ငန်းအကြပ်အတည်း ဖြစ်ပေါ်ရသည့်အပြင် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စားနပ်ရိက္ခာလိုအပ်မည့်သူ အရေအတွက်မှာ စစ်အာဏာမသိမ်းမီက ခန့်မှန်းထားသည့် အရေအတွက်ထက် (၃.၄) သန်းခန့် ပိုမိုများပြားလာမည်ဟု ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (World Food Programme)က ခန့်မှန်းထားပါသည်။ စစ်အာဏာရှင်များက ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့သည့် လွဲမှားသော စီမံအုပ်ချုပ်မှုနှင့် ရာဇဝတ်မှုဆန်သည့် အကျင့်စရိုက်များတွင် အဆိုပါဖြစ်ရပ်များက ထပ်တိုးပါဝင်လာပြီ ဖြစ်ပါသည်။ ၎င်းတို့ကြောင့်ပင် မြန်မာနိုင်ငံသည်

နိုင်ငံတကာထံမှ ပံ့ပိုးကူညီမှုများ ကြီးကြီးမားမား လိုအပ်နေရခြင်း ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ အတွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူ အရေအတွက်မှာ ငါးသိန်းကျော်ထိ ရှိလာပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအနေဖြင့် အရေးပေါ် ကူညီပံ့ပိုးမှုများ လိုအပ်လျက် ရှိပါသည်။ အာဏာသိမ်းစစ်တပ်သည် တိုင်းပြည်၏ စီးပွားရေးကို စီမံခန့်ခွဲရန်အတွက်သော်လည်းကောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက်သော်လည်းကောင်း အရည်အချင်း ပြည့်မီခြင်း မရှိသည့်အပြင် ပြည်သူများ၏ အသက်ရှင်သန်ရေးကို ပံ့ပိုးပေးနိုင်သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပြည်သူများထံ ရောက်ရှိခြင်း မရှိစေရန် ဟန့်တားနှောက်ယှက်လျက် ရှိပါသည်။ အာဏာသိမ်းစစ်တပ်သည် သာမန်အရပ်သားပြည်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများကို ပစ်မှတ်အဖြစ် သဘောထား၍ ဆက်လက်တိုက်ခိုက်လျက် ရှိပါသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် ပြည်သူများ၏ လက်ရှိလိုအပ်ချက်ကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် ကြီးမားသည့် လိုအပ်ချက်များ ရှိနေပါသည်။ အခြေခံလိုအပ်ချက်များဖြစ်သည့် စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါး၊ အမိုးအကာနှင့် တိုက်ရိုက်ငွေကြေးပံ့ပိုးမှုများကို အဓိကထား ထောက်ပံ့ပေးရန် ပြည်သူများက လိုလားလျက် ရှိကြပြီး အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အဆိုပါလိုအပ်ချက်များကို ပံ့ပိုးပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများကို ထပ်ဆင့်တောင်းဆိုလိုပါသည်။

ပြည်သူများ၏ အသက်နှင့် ကျန်းမာရေးကို ကာကွယ်ပေးရန်နှင့် လူလူချင်း လေးစားတန်ဖိုးထားမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ရာတွင် လိုအပ်ချက်ရှိခြင်းဟူသော အခြေအနေတစ်ခုကိုသာ အခြေခံထားသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၏ အခြေခံစံနှုန်းများဖြစ်သော လူသားချင်းစာနာထောက်ထားခြင်း (Humanity) နှင့် ခွဲခြားမှုမရှိခြင်း (Impartiality) တို့ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် လေးစားထောက်ခံပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် မြန်မာနိုင်ငံသားများသည် ယခုအချိန်တွင် မြန်မာနိုင်ငံကို စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ပြီး ငြိမ်းချမ်းသော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံသားများက မိမိတို့ နိုင်ငံရေးအနာဂါတ်ကို ကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခြင်းကို အခြေခံအခွင့်အရေးတစ်ခုအဖြစ် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများက အသိအမှတ်ပြု လေးစားပံ့ပိုးပေးရန် မျှော်လင့်ပါသည်။

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရန်နှင့် အဆိုပါ ထောက်ပံ့မှုများသည် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်နည်းဖြင့် တိုင်းပြည်ကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများကို ဖုံးကွယ်နိုင်ရေးအတွက် အသုံးချခံရခြင်းမှ ရှောင်ကျဉ်နိုင်စေရန် ရည်ရွယ်၍ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်စံနှုန်းများ ချမှတ်ထားပါသည်။

ရည်မှန်းချက်

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ပြည်သူများ၏ အဓိကလိုအပ်ချက်များနှင့် ကိုက်ညီစေရန်နှင့် ကယ်ဆယ်ရေးအကူအညီများကို အကျိုးခံစားခွင့်ရှိသူများကိုယ်တိုင် စီမံဆောင်ရွက်ခွင့်ရှိသည့် ဒီမိုကရေစီနည်းလမ်းကျ အခွင့်အရေးကို လေးစားလိုက်နာသော၊ ဒေသနှင့် လိုက်လျောညီထွေရှိသော ထောက်ပံ့မှုနည်းလမ်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အသုံးပြုရန် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က တောင်းဆိုလိုပါသည်။

လမ်းညွှန်ချက်စံနှုန်းများ

၁။ လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် လိုအပ်နေသူများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးအပ်ရမည်ဖြစ်ပြီး ထိခိုက်လွယ်သူများအတွက် ၎င်းတို့၏ လိုအပ်ချက်အသီးသီးနှင့် ကိုက်ညီရေး ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

၂။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့် ၎င်းတို့၏ ဆန္ဒကို ထင်ဟပ်ရမည်။

၃။ စစ်အာဏာရှင်များ၏ နိုင်ငံရေး (သို့မဟုတ်) ဘဏ္ဍာရေးအကျိုးစီးပွားကို မြှင့်တင်ပေးခြင်း (သို့မဟုတ်) အကျိုးဖြစ်ထွန်းစေခြင်း မရှိစေရန် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ရမည်။

၄။ မြေပြင်မှ အမှန်တကယ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်၊ ဒေသနှင့် လိုက်လျောညီထွေရှိသည့် ကူညီပံ့ပိုးမှုများ ဖြစ်စေရန် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအနေဖြင့် မြန်မာပြည်သူများ၏ ထောက်ခံအားပေးမှုများ ရရှိနေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၎င်းတို့ကို လုပ်ပိုင်ခွင့်ပေးအပ်ကာ ဆောင်ရွက်သင့်ပါသည်။ အဆိုပါ အဖွဲ့အစည်းများတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ မဟာမိတ်ဖြစ်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားများ စီမံအုပ်ချုပ်သည့် ဒေသများမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) ပါဝင်ပါသည်။

မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအတွက် အခြေခံမူဝါဒများ

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများသည် စစ်တပ်၏ အကြမ်းဖက်မှုများကို ပံ့ပိုးပေးသကဲ့သို့ မဖြစ်စေရန်အတွက် ခိုင်မာသည့်မူဝါဒများ၊ သတ်မှတ်ချက်များ ထားရှိရန် လိုအပ်ပါသည်။ ကူညီထောက်ပံ့မှုများသည် အလိုအပ်ဆုံးဖြစ်သည့် ပြည်သူထံသို့ ရောက်ရှိရမည်ဖြစ်ပြီး ပြည်သူများ ထိခိုက်နစ်နာရခြင်း၏ အဓိကတရားခံဖြစ်သည့် အာဏာသိမ်းစစ်တပ်ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုသကဲ့သို့ ဖြစ်စေသည့် ဆောင်ရွက်မှုများအားလုံးကို ရှောင်ရှားရမည်။

အာဏာသိမ်းစစ်တပ် ထိန်းချုပ်ရာနေရာဒေသများတွင် ကူညီပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် စဉ်းစားမည်ဆိုပါက အောက်ပါ မူဝါဒလမ်းညွှန်ချက်များကို လူသားချင်းစာနာ ထောက်ထားမှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် တညီတညွတ်တည်း သဘောတူလိုက်နာရန် တိုက်တွန်းလိုပါသည်။

၁။ *Civil Disobedience Movement (CDM) လှုပ်ရှားမှုကို အစားထိုးသည့် မူဝါဒများနှင့် မေးမှိန်စေသော လုပ်ငန်းများကို ရှောင်ရှားပါ။*

တရားမျှတမှု ကင်းမဲ့သည့် စစ်အာဏာသိမ်းမှုအပေါ် မြန်မာပြည်သူများက ၎င်းတို့၏ ရပိုင်ခွင့်ကို ကျင့်သုံးပြီး ကိုယ်ပိုင်အစွမ်းအစဖြင့် ငြိမ်းချမ်းစွာ ဆန့်ကျင်လျက် ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် စစ်အုပ်ချုပ်ရေးလုပ်ငန်းများကို လိုက်နာရန် ငြင်းပယ်ခြင်းကဲ့သို့ ခက်ခဲသည့် စွန့်လွှတ်အနစ်နာခံမှုများ ပါဝင်နေပါသည်။ အာဏာသိမ်းစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်သော အထောက်အပံ့များ ဝင်ရောက်လာခြင်းကြောင့် ပြည်သူများက ငြိမ်းချမ်းစွာ ဆန့်ကျင်တော်လှန်နေသည့် နည်းဗျူဟာကို လွှမ်းမိုး မေးမှိန်သွားမည်ကို မလိုလားပါ။ ပြည်သူများ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာပါ။ စစ်အုပ်ချုပ်ရေး လက်အောက်တွင် CDM ပြုလုပ်၍ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း မပြုရန် တက်တက်ကြွကြွ ငြင်းပယ်နေချိန်တွင် အဆိုပါ ဝန်ဆောင်မှုများကို ကူညီထောက်ပံ့ရေး လုပ်ငန်းများက အစားထိုးပေးအပ်ရန် ကြိုးပမ်းပါက ကျင့်ဝတ်နှင့် ကိုက်ညီမည် မဟုတ်ပါ။

ယင်းသို့ပြုလုပ်မည့်အစား၊ အာဏာသိမ်းစစ်တပ်ကို အထောက်အပံ့မဖြစ်စေဘဲ၊ တရားဝင်အစိုးရကဲ့သို့ အသိအမှတ်ပြုစရာမလိုဘဲ အဆိုပါဝန်ဆောင်မှုများကို ဒေသနှင့် လိုက်လျောညီထွေရှိအောင် တီထွင် ကြံဆဖန်တီးပေးနိုင်သည့် ပြည်တွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို တိုက်ရိုက်ထောက်ပံ့ပေးသင့်ပါသည်။ တည်နေရာအနေအထားအပေါ်မူတည်၍ ရှိရင်းစွဲ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားဦးဆောင်အဖွဲ့များကို အရင်းအမြစ်များ တိုက်ရိုက်ပံ့ပိုးခြင်း၊ CDM ပြုလုပ်နေသော ဝန်ထမ်းအဖွဲ့များမှတဆင့် လိုအပ်သော ဝန်ဆောင်မှုများ ပြုလုပ်နိုင်ရန် ပံ့ပိုးခြင်း တို့ကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတကာ အထောက်အပံ့များသည် မလိုလားအပ်သော ဆိုးကျိုးများ ပိုမိုကြီးထွားလာခြင်း မရှိစေဘဲ အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအတွက် ကူညီထောက်ပံ့မှုများအား CDM လုပ်ဆောင်နေသူများ ကို ဖိနှိပ်ရန်အတွက်သော်လည်းကောင်း၊ အာဏာသိမ်းစစ်တပ်၏ အကျိုးစီးပွားအတွက်သော်လည်း ကောင်း အသုံးချခြင်း မရှိစေရ။ ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်အပေါ် အခြေခံ၍ ကာကွယ်ဆေး ပံ့ပိုးမှုများအား စစ်တပ်၏ ထိန်းချုပ်မှု လွတ်ကင်းသူများ၊ စစ်တပ်နှင့် သက်ဆိုင်ခြင်း မရှိသူများထံမှ တဆင့် ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ရမည်။ ကာကွယ်ဆေး ထိုးနှံရမည့်သူ၊ ကာကွယ်ဆေးထိုးနှံရမည့် ဒေသတို့ကို အာဏာသိမ်းစစ်တပ်က ရွေးချယ်ဆုံးဖြတ်ပေးပိုင်ခွင့် မရှိစေရပါ။ အာဏာသိမ်းစစ်တပ်က ဝင်ရောက်စွက်ဖက်ရန် လက်လှမ်းမမီသောဒေသများထံသို့ ကာကွယ်ဆေးများကို အိမ်နီးခြင်းနိုင်ငံ များမှတဆင့် ထောက်ပံ့ပေးသင့်ပါသည်။

၂။ အာဏာသိမ်းစစ်တပ်ကို တရားဝင်အသိအမှတ် မပြုရ။

အာဏာသိမ်းစစ်တပ်က ဝါဒဖြန့်ရာတွင် အသုံးချနိုင်မည့် အစည်းအဝေးများ (သို့မဟုတ်) အခမ်းအနားများကို လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် မတက်ရောက်သင့်ပါ။ အာဏာသိမ်းစစ်တပ်၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်သော နိုင်ငံတွင်းဒေသများစွာ ရှိပါသည်။ အာဏာသိမ်းစစ်တပ်၏ ဝင်ရောက်စွက်ဖက်မှု လက်လှမ်းမမီသော အဆိုပါဒေသများသို့ ကူညီထောက်ပံ့မှုများ အမြန်ဆုံး ပေးပို့ထောက်ပံ့သင့်ပါသည်။

အာဏာသိမ်းစစ်တပ် လက်အောက်ရှိ ဝန်ကြီးဌာနများ (သို့မဟုတ်) အဖွဲ့အစည်းများကို မည်သည့်အခြေအနေတွင်မဆို ထောက်ပံ့ကူညီခြင်း မပြုသင့်ပါ။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးမှုများသည် အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်ရေးနယ်ပယ်ချဲ့ထွင်ရာတွင် အထောက်အပံ့ မဖြစ်သင့်ပါ။ အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်ရေး၊ ဝါဒဖြန့်ချိရေးလုပ်ငန်းများကို ပံ့ပိုးပေးသကဲ့သို့ ဖြစ်ပါက လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများသည် ကြားနေခြင်း၊ ဘက်မလိုက်ခြင်း (Neutrality) ဟူသော စံနှုန်းမှ သွေဖည်သွားမည် ဖြစ်ပါသည်။

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဆောင်ရွက်သည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

၃။ အာဏာသိမ်းစစ်တပ်အတွက် ငွေကြေးအရ အကျိုးစီးပွားဖြစ်ထွန်းမှု မရှိစေရ။

အာဏာသိမ်းစစ်တပ်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများထံမှ အကျိုးအမြတ်ရရှိခြင်း မရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများက သေချာစွာ စီစဉ်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အခွန်အခအမျိုးမျိုး ပေးဆောင်ခြင်း၊ သွင်းကုန်အပေါ် ပေးဆောင်ရသည့် အခွန်အခ ပေးဆောင်ခြင်း၊ အဖိုးအခများပေးချေခြင်း၊ အာဏာသိမ်းစစ်တပ်နှင့် လက်အောက်ခံ အဖွဲ့အစည်းများထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းတို့ မရှိစေရန် စီစဉ်သင့်ပါသည်။ အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်ရေးယန္တရား (သို့မဟုတ်) ၎င်းနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများထံမှတဆင့် မည်သည့် ရန်ပုံငွေအမျိုးအစား (သို့မဟုတ်) ပိုင်ဆိုင်မှု အမျိုးအစားကိုမဆို ဖြတ်သန်းစီးဆင်းစေခြင်း မရှိသင့်ပါ။ အာဏာသိမ်းစစ်တပ်နှင့် ဆက်စပ်နေသည့် မည်သည့်ဘဏ္ဍာရေးအဖွဲ့အစည်းကိုမှ အသုံးမပြုသင့်ပါ။ ရန်ပုံငွေထောက်ပံ့မှုကို လက်ခံမည့်အဖွဲ့များ၏ အာဏာသိမ်းစစ်တပ်နှင့် ပတ်သက်ဆက်နွယ်မှု အခြေအနေကို သေချာစွာ စိစစ်ပြီးမှ ပတ်သက်ဆက်နွယ်မှု မရှိသူများကိုသာ ရန်ပုံငွေ ထောက်ပံ့ပေးရမည်။

၄။ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လူတိုင်းလွတ်လပ်စွာ ရယူနိုင်သော ကူညီထောက်ပံ့မှုများ ဖြစ်ရမည်။

ထောက်ပံ့ပေးမည့် နေရာဒေသ (သို့မဟုတ်) အကျိုးခံစားခွင့်ရှိသူအမျိုးအစားကို အာဏာသိမ်းစစ်တပ်က သဘောတူခွင့်ပြုပေးရန် ညှိနှိုင်းဆောင်ရွက်နေခြင်းကြောင့် နိုင်ငံအတွင်း ကူညီပံ့ပိုးမှု အစီအစဉ်များကို အဟန့်အတား မဖြစ်စေသင့်ပါ။ အကူအညီ လိုအပ်နေသည့် ပြည်သူများကို ကူညီ

ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အာဏာသိမ်းစစ်တပ်က ချမှတ်ထားသော ကန့်သတ်ချက်များ၊ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် မလိုအပ်ပါ။ နေရာဒေသအသီးသီးရှိ ပြည်သူများထံသို့ ကူညီပံ့ပိုးမှုများ ပိုမိုရောက်ရှိနိုင်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

လူသားချင်းစာနာထောက်ထားမှု အကူအညီများ သယ်ယူပေးပို့ရာတွင် အာဏာသိမ်းစစ်တပ်က လိုက်ပါပို့ဆောင်ခြင်း မရှိစေရန် သေချာစွာ ဆောင်ရွက်ပါ။ ဤအချက်ကို အာမခံနိုင်ခြင်းမရှိပဲ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရာတွင် အာဏာသိမ်းစစ်တပ်က လိုက်ပါလာပါက အရပ်သားပြည်သူများအတွက် အန္တရာယ် ပိုမိုကြီးမားစေပါသည်။ သတင်းအချက်အလက်များ လုံခြုံမှုရှိရန် ဆောင်ရွက်ထားပြီး အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံ အချက်အလက်များ မျှဝေပေးပို့ခြင်း မပြုပါနှင့်။

၅။ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိသော၊ ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိသော ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကတိကဝတ်ပြုပါ။

လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အထိရောက်ဆုံးနည်းလမ်းဖြင့် ပံ့ပိုးပေးနိုင်ရန် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ နှံ့စပ်ကျွမ်းကျင်မှုများကို အခြေပြုဆောင်ရွက်သင့်သည်။ ကူညီပံ့ပိုးမှုလုပ်ငန်းများကို ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် လူထု အခြေပြု အဖွဲ့အစည်းများ (CBOs) ကိုယ်တိုင်စီစဉ်ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရန် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးရမည်။ ဒေသနှင့် လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် နည်းလမ်းများကို ကျင့်သုံးပါ။ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်း မှတ်ပုံတင်ထားရန် (သို့မဟုတ်) ၎င်းတို့၏ အဖွဲ့အမည်ပေါက် ဘဏ်စာရင်းများ ဖွင့်လှစ်ထားရန် (မဖြစ်မနေ) လိုအပ်မှု မရှိသင့်ပါ။ အခြေအနေအချို့တွင် အဖွဲ့အစည်းကြီးများ အနေဖြင့် ဝင်ရောက်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သော်လည်း ၎င်းလိုအပ်ချက်ကြောင့် ဒေသခံအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ထိခိုက်ခြင်း မရှိစေရန် သတိပြုပါ။ ရန်ပုံငွေလွှဲပြောင်းမှုလုပ်ငန်းများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် နည်းလမ်းများကို အသုံးပြုပါ။ မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် စီမံခန့်ခွဲရေး လိုအပ်ချက်များကို ရှောင်ရှားပါ။ မြန်မာနိုင်ငံပြင်ပရှိ ရုံးအဖွဲ့များနှင့် ဝန်ထမ်းများက စီမံဆောင်ရွက်နိုင်သော နယ်စပ်ဖြတ်ကျော် ကူညီပံ့ပိုးမှုလုပ်ငန်းများကို ဆောင်ရွက်ပါ။

ဤမူဝါဒလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိသော စီမံကိန်းလုပ်ငန်းများရှိပါက လုပ်ငန်းဆောင်ရွက်ချက်များကို မွမ်းမံပြင်ဆင်ရန် (သို့မဟုတ်) ရပ်နားရန် အစီအမံများ ချမှတ်ထားပါ။ စစ်ကောင်စီက ကူညီထောက်ပံ့မှုလုပ်ငန်းများကို တားမြစ်ခြင်း (သို့မဟုတ်) ကြိုးကိုင်ခြယ်လှယ်ခြင်းတို့ လုပ်ဆောင်လာပါက အခြားနည်းလမ်းဖြင့် ထောက်ပံ့နိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပူးပေါင်း၍ အဖြေရှာပါ။

နယ်စပ်ဖြတ်ကျော် နိုင်ငံတကာ ကူညီပံ့ပိုးမှုများအတွက် အကြံပြုချက်များ

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အရေးတကြီး လိုအပ်နေသော ပံ့ပိုးကူညီမှုများကို နယ်စပ်ဖြတ်ကျော်၍ ပေးအပ်ရန် ဆောင်ရွက်သင့်ပါသည်။ အဆိုပါ ကူညီပံ့ပိုးမှုများကို အတွေ့အကြုံရင့်ကျက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြု အဖွဲ့အစည်းများ (CBOs)၊ တိုင်းရင်းသားဦးဆောင် အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများမှတဆင့် ဆောင်ရွက်နိုင်ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော် အကူအညီပေးအပ်ခြင်း လုပ်ငန်းများနှင့် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများတွင် အတွေ့အကြုံ ပြည့်ဝပြီး ဖြစ်ပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး ဒေသလိုအပ်ချက်အလိုက် နယ်စပ်ဖြတ်ကျော် အကူအညီပေးခြင်း လုပ်ငန်းသည် ပေါ်ပေါက်လာတော့မည့် ဖက်ဒရယ်ပြည်ထောင်စုအတွက် သင့်လျော်ပြီး၊ နောင်အနာဂါတ်တွင်လည်း ပဋိပက္ခများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

၁။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်း လုပ်ငန်းများကို ဒေသခံလူထုအခြေပြု တိုင်းရင်းသားအဖွဲ့များ ကိုယ်တိုင်စီစဉ်ရေးဆွဲပြီး ဦးစီးအကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များ အပါအဝင် ကူညီပံ့ပိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများကိုယ်တိုင် စီမံကွပ်ကဲရမည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အုပ်ချုပ်သည့်နယ်မြေများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထုတ်ပြန်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

၃။ လူသားချင်းစာနာထောက်ထားမှု အကူအညီ ပံ့ပိုးဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် ဒေသလိုအပ်ချက်နှင့် လိုက်လျောညီထွေပြောင်းလဲနိုင်သော၊ ဒေသအတွက် ကိုက်ညီသော ကူညီထောက်ပံ့မှုများနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော ရန်ပုံငွေထောက်ပံ့မှု နည်းလမ်းများကို ကျင့်သုံးသင့်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် တိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်ရန် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အဖွဲ့အစည်းများကို အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုဖိတ်ခေါ်လျက် ရှိပါသည်။